# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အခွန်အယူခံခုံအဖွဲ့

## ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက်

# အစီရင်ခံစာ

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ မေ လ ၁၇ ရက်

နေရာ။ နေပြည်တော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အခွန်အယူခံ ခုံအဖွဲ့

## ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက်

## အခွန်အယူခံဆိုင်ရာ ကြားနာမှုများနှင့် စပ်လျဉ်း၍ အစီအရင်ခံတင်ပြခြင်း

## မာ တိ ကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁-၂ |
| ၂ | ခုံအဖွဲ့ ဖွဲ့စည်းခြင်း | ၂ |
| ၃ | အစီရင်ခံစာ တင်ပြရခြင်း ရည်ရွယ်ချက် | ၃ |
| ၄ | လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု | ၃-၈ |
| ၅ | လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုဆိုင်ရာ တင်ပြချက် | ၈-၁၁ |
| ၆ | ခုံအဖွဲ့၏ အခြားဆောင်ရွက်ချက်များ | ၁၁-၁၄ |
| ၇ | နိဂုံး | ၁၅ |
| ၈ | နောက်ဆက်တွဲ ဇယားများ | ၁၆-၃၃ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အခွန်အယူခံခုံအဖွဲ့

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အခွန်အယူခံဆိုင်ရာ ကြားနာမှုများနှင့် စပ်လျဉ်း၍ အစီအရင်ခံတင်ပြခြင်း

### နိဒါန်း

၁။ နိုင်ငံအတွက် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်မှုတစ်ခုအဖြစ် အခွန်အယူခံခုံအဖွဲ့ ဥပဒေ၊ နည်းဥပဒေများ သတ်မှတ်ပြဋ္ဌာန်း၍ အခွန်အယူခံခုံအဖွဲ့ကို နိုင်ငံတကာ စံနှုန်းနှင့်အညီ သီးခြား လွတ်လပ်သည့် အဖွဲ့အစည်းအဖြစ် အဆင့်မြင့်တင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ အခွန်အယူခံခုံအဖွဲ့သည် "ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ" ဆိုသည့် ဆောင်ပုဒ်ဖြင့် ဥပဒေနှင့်အညီ အပ်နှင်းထားသည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်မှာ ၃ နှစ်တာ ကာလအတွင်းသို့ ဝင်ရောက်လာပြီ ဖြစ်ပါသည်။

၂။ "ပြည်ထောင်စုအစိုးရက နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးပြုစေမည့် အသုံးစရိတ်များကို သုံးစွဲနိုင်ရန် ရသင့်ရထိုက်သည့် အခွန်အကောက်များကို ဥပဒေနှင့်အညီ အပြည့်အဝ ကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန်"ဟူသော အခွန်မူဝါဒတစ်ရပ်နှင့်အညီ ပြည်ထောင်စု၏ အခွန်အကောက်များကို တာဝန်ယူကောက်ခံကြသည့် ဌာနများသည် အခွန်အကောက်များ အပြည့်အဝ တိုးတက်ကောက်ခံရရှိရေးအတွက် အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုများ၊ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း အခွန်ထမ်းများသည် ဥပဒေအရ ထမ်းဆောင်ရမည့် အခွန်များကို ပေးဆောင်ရာတွင် တန်းတူညီမျှမှုနှင့် တရားမျှတမှု အခွင့်အရေးများ ရရှိရန် လိုအပ်ပါသည်။ နိုင်ငံသားများနှင့် အခွန်ထမ်းများ၏ မူလအခွင့်အရေးဖြစ်သည့် ပွင့်လင်းမြင်သာသော အယူခံပိုင်ခွင့်နှင့် ဥပဒေနှင့်အညီ ခုခံချေပခွင့်များ အပြည့်အဝရရှိစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခွန်အယူခံခုံအဖွဲ့၏ အခန်းကဏ္ဍသည် အလွန်အရေးပါသော နေရာတွင် တည်ရှိနေပါသည်။

၃။ ပြည်ထောင်စုအခွန်အကောက် အမျိုးမျိုးအပေါ် ဥပဒေအရ ခုခံချေပခွင့်၊ အယူခံပိုင်ခွင့်နှင့် အညီ နိုင်ငံသားများနှင့် အခွန်ထမ်းဆောင်သူများက တင်သွင်းလာသည့် အမှုများကို လွတ်လပ်စွာ ကြားနာ စစ်ဆေး၍ ဥပဒေနှင့်အညီ မျှတစွာ စီရင်ဆုံးဖြတ်ချက်များကို မှန်မှန် ကန်ကန်နှင့် မြန်မြန် ဆန်ဆန် ချမှတ်နိုင်ရေး၊ဝန်ဆောင်မှုပေးရာတွင် တိုးတက်ကောင်းမွန် လာစေရေး၊ နိုင်ငံသားများနှင့် အခွန်ထမ်းဆောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ၊ တုံ့ပြန်မှု အားကောင်းစွာနှင့် လျင်မြန်စွာ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး၊ ခေတ်မီတိုးတက် နေသည့် သတင်းအချက်အလက် နည်းပညာများနှင့်အညီ လိုက်လျောညီထွေဖြစ်သည့် ပုံစံအသစ် နှင့် ပြုပြင်ပြောင်းလဲရေး၊ အခွန်အယူခံခုံအဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည် စံနှုန်းကောင်းများ ရေရှည်ထိန်းသိမ်းရေးတို့အတွက် အခွန်အယူခံ ခုံအဖွဲ့နှင့် ခုံအဖွဲ့ ရုံးဝန်ထမ်းများအားလုံး တက်ညီ လက်ညီ အတူတကွ ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

## ခုံအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(က)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် (၇) ဦး ပါဝင်သော အောက်ဖော်ပြပါ အခွန်အယူခံခုံအဖွဲ့က အစီရင်ခံတင်ပြသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အခွန်အယူခံခုံအဖွဲ့ ဥပဒေ၊နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည် -

| | | |
|---|---|---|
| (က) | ဦးမြင့်ဦး | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်ကျော် | အဖွဲ့ဝင် |
| (ဂ) | ဦးဇေယျကြည်ညွန့် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ရီရီမြင့် | အဖွဲ့ဝင် |
| (င) | ဦးဝင်းနိုင် | အဖွဲ့ဝင် |
| (စ) | ဦးဝင်းတင် | အဖွဲ့ဝင် |
| (ဆ) | ဦးကြည် | အဖွဲ့ဝင် |


## အစီရင်ခံစာ တင်ပြရခြင်း ရည်ရွယ်ချက်


၅။ အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ ပုဒ်မ ၃၀ တွင် "ဥက္ကဋ္ဌသည် အခွန်နှစ် တစ်နှစ် ပြီးဆုံးသည့် အခါတိုင်း လုပ်ဆောင်ခဲ့သည့် ကြားနာမှုများနှင့် ပတ်သက်၍ ရက်ပေါင်း ၉၀ အတွင်း အစိုးရအဖွဲ့သို့ တင်ပြရမည်။ ထို့အပြင်အများပြည်သူ သိရှိစေရန်ထုတ်ပြန်ကြေညာရမည်"ဟု ပြဋ္ဌာန်းထားသည် နှင့်အညီ တင်ပြရခြင်း ဖြစ်ပါသည်။

## လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု

၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၁) ၏ ခွင့်ပြုချက်အရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာရေးနှစ်အား ဧပြီလ (၁) ရက်နေ့မှ မတ်လ (၃၁) ရက်နေ့အထိ ပြင်ဆင်ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ အစီရင်ခံသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်နှင့် တဆက်တည်းဖြစ်သော ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်သည် ၁-၁၀-၂၀၂၁ မှ ၃၁-၃-၂၀၂၂ ထိ ခြောက်လသာဖြစ်သဖြင့် အလားတူကာလနှင့် နှိုင်းယှဉ်မှုကို ၁-၄-၂၀၂၁ မှ ၃၁-၃-၂၀၂၂ ကာလဖြင့် နှိုင်းယှဉ် ဖော်ပြထားပါကြောင်း တင်ပြအပ်ပါသည်။

၇။ **ဆောင်ရွက်ရန်အခြေအနေ။** ၁-၄-၂၀၂၂ ရက်နေ့တွင် ဆောင်ရွက်ရန်ကျန်ရှိသည့် အမှု(၂၈) မှုဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း တိုးလာသည့်အမှု (၆၅) မှု ဖြစ်ပါသဖြင့် ဆောင်ရွက်ရန်အမှု စုစုပေါင်းမှာ (၉၃) မှု ဖြစ်ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ရန် အမှု (၉၃) မှုတွင် အခွန်အမျိုးအစား အလိုက် ပါဝင်မှုအခြေအနေမှာ အကောက်ခွန် အမှု ၇၂ ရာခိုင်နှုန်း ၊ ဝင်ငွေခွန်အမှု ၂၂ ရာခိုင်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန်အမှု ၆ ရာခိုင်နှုန်း ဖြစ်ပြီး အမှုအမျိုးအစားအလိုက် ပါဝင်မှုအခြေအနေမှာ အယူခံမှု ၇၀ ရာခိုင်နှုန်း၊ ပြန်လည် သုံးသပ်မှု ၁၈ ရာခိုင်နှုန်းနှင့် လွှဲအပ်မှု ၁၂ ရာခိုင်နှုန်း ပါဝင်နေသည်ကိုတွေ့ရှိရပါကြောင်း အောက်ပါ အတိုင်း ပုံချပ်များဖြင့် ဖော်ပြအပ်ပါသည် -




၈။ **ဆောင်ရွက်ပြီးစီးမှု။** အစီရင်ခံတင်ပြသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စီရင်ချက် အမိန့်ချမှတ်ပြီး (၈၂) မှု၊ စစ်ဆေးကြားနာခဲ့ပြီး ဖြစ်၍ စီရင်ချက်ချရန် ဆောင်ရွက်ဆဲ (၄)မှု ဖြစ်၍ ကြားနာရန် ကျန်ရှိသည့်အမှုမှာ (၇) မှု ဖြစ်ပါသည်။ ဆောင်ရွက်ရန် အမှုများအပေါ် ကြားနာအကောင်အထည်ဖော်နိုင်မှုမှာ ၉၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ လုပ်ငန်းအကောင်အထည် ဖော်နိုင်မှု အသေးစိတ်ဖော်ပြချက်ကို **နောက်ဆက်တွဲ (က)** ဖြင့် တင်ပြထားပါသည်။ အမျိုးအစား အလိုက်လည်းကောင်း၊ အခွန်အမျိုးအစားအလိုက် လည်းကောင်း အကောင်အထည်ဖော်နိုင်မှု အကျဉ်းချုပ်ကို ဖော်ပြအပ်ပါသည် -

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေ
## ( အမှုအမျိုးအစားအလိုက် )

ဇယား(၁)

| အမှု အမျိုးအစား | ဆောင် ရွက်ရန် စုစုပေါင်း | ကြားနာအကောင်အထည်ဖော်နိုင်မှု | | | | | ကြား နာရန် ကျန် |
|---|---|---|---|---|---|---|---|
| | | စီရင်ချက် ချမှတ်ပြီး | စီရင်ချက် ချရန် | ကြား နာဆဲ | စုစု ပေါင်း | ရာခိုင် နှုန်း | |
| အယူခံမှု | ၆၅ | ၅၄ | ၄ | - | ၅၈ | ၈၉ % | ၇ |
| ပြင်ဆင်မှု | - | - | - | - | - | - | - |
| ပြန်လည်သုံးသပ်မှု | ၁၇ | ၁၇ | - | - | ၁၇ | ၁၀၀ % | - |
| လွှဲအပ်မှု | ၁၁ | ၁၁ | - | - | ၁၁ | ၁၀၀ % | - |
| စုစုပေါင်း | ၉၃ | ၈၂ | ၄ | - | ၈၆ | ၉၃ % | ၇ |

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေ
## ( အခွန်အမျိုးအစားအလိုက် )

ဇယား(၂)

| အခွန် အမျိုးအစား | ဆောင် ရွက်ရန် စုစုပေါင်း | ကြားနာအကောင်အထည်ဖော်နိုင်မှု | | | | | ကြား နာရန် ကျန် |
|---|---|---|---|---|---|---|---|
| | | စီရင်ချက် ချမှတ်ပြီး | စီရင်ချက် ချရန် | ကြား နာဆဲ | စုစု ပေါင်း | ရာခိုင် နှုန်း | |
| အကောက်ခွန် | ၆၇ | ၅၆ | ၄ | - | ၆၀ | ၉၀ % | ၇ |
| ဝင်ငွေခွန် | ၂၀ | ၂၀ | - | - | ၂၀ | ၁၀၀ % | - |
| ကုန်သွယ်လုပ်ငန်းခွန် | ၆ | ၆ | - | - | ၆ | ၁၀၀ % | - |
| အထူးကုန်စည်ခွန် | - | - | - | - | - | - | - |
| စုစုပေါင်း | ၉၃ | ၈၂ | ၄ | - | ၈၆ | ၉၃ % | ၇ |

၉။ **နှိုင်းယှဉ်ဖော်ပြခြင်း။** အစီရင်ခံတင်ပြသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်(ယခုနှစ်) လုပ်ငန်း အကောင်အထည်ဖော်နိုင်မှုကို အလားတူ ကာလဖြစ်သည့် ၁-၄-၂၀၂၁ ရက်နေ့မှ ၃၁-၃-၂၀၂၂ ရက်နေ့အထိ (ယခင်နှစ်) အကောင်အထည်ဖော်နိုင်မှုကို အမှုအမျိုးအစားအလိုက်

လည်းကောင်း၊ အခွန်အမျိုးအစားအလိုက် လည်းကောင်း အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြအပ်ပါသည်။ ဆောင်ရွက်ရန်အမှုများအပေါ် ကြားနာဆောင်ရွက်နိုင်မှုအနေဖြင့် ယခင်နှစ်အတိုင်း လျော့နည်းမှုမရှိ အကောင်အထည်ဖော်နိုင်ခဲ့ပါသည် -

**အမှုအမျိုးအစားအလိုက်ကြားနာဆောင်ရွက်နိုင်မှု**

**ဇယား(၃)**

| အမှု အမျိုးအစား | ဆောင်ရွက်ရန် | | ဆောင်ရွက်ပြီး | | အကောင်အထည် ဖော်နိုင်မှု ရာခိုင်နှုန်း | |
|---|---|---|---|---|---|---|
| | ယခင်နှစ် | ယခုနှစ် | ယခင်နှစ် | ယခုနှစ် | ယခင်နှစ် | ယခုနှစ် |
| အယူခံမှု | ၅၇ | ၆၅ | ၅၃ | ၅၈ | ၉၃ % | ၈၉ % |
| ပြင်ဆင်မှု | ၁ | - | ၁ | - | ၁၀၀ % | - |
| ပြန်လည်သုံးသပ်မှု | ၂၆ | ၁၇ | ၂၄ | ၁၇ | ၉၂ % | ၁၀၀ % |
| လွှဲအပ်မှု | ၃ | ၁၁ | ၃ | ၁၁ | ၁၀၀ % | ၁၀၀ % |
| စုစုပေါင်း | ၈၇ | ၉၃ | ၈၁ | ၈၆ | ၉၃ % | ၉၃ % |


**အခွန်အမျိုးအစားအလိုက်ကြားနာဆောင်ရွက်နိုင်မှု**


**ဇယား(၄)**


| အခွန် အမျိုးအစား | ဆောင်ရွက်ရန် | | ဆောင်ရွက်ပြီး | | အကောင်အထည် ဖော်နိုင်မှု ရာခိုင်နှုန်း | |
|---|---|---|---|---|---|---|
| | ယခင်နှစ် | ယခုနှစ် | ယခင်နှစ် | ယခုနှစ် | ယခင်နှစ် | ယခုနှစ် |
| အကောက်ခွန် | ၇၂ | ၆၇ | ၆၆ | ၆၀ | ၉၂ % | ၉၀ % |
| ဝင်ငွေခွန် | ၁၂ | ၂၀ | ၁၂ | ၂၀ | ၁၀၀ % | ၁၀၀ % |
| ကုန်သွယ်လုပ်ငန်းခွန် | ၂ | ၆ | ၂ | ၆ | ၁၀၀ % | ၁၀၀ % |
| အထူးကုန်စည်ခွန် | ၁ | - | ၁ | - | ၁၀၀ % | - |
| | ၈၇ | ၉၃ | ၈၁ | ၈၆ | ၉၃ % | ၉၃ % |


၁၀။ အယူခံမှုများတွင် အချို့သော အကောက်ခွန်အယူခံမှုများသည် ဘဏ္ဍာနှစ် ကုန်ဆုံးခါနီးကာလဖြစ်သည့် ဖေဖော်ဝါရီနှင့် မတ်လများတွင်မှ လျှောက်ထားလာသည့် အမှုများ ဖြစ်သဖြင့် ချေပလွှာ မရရှိသေးခြင်း အကြောင်းများကြောင့် ကြားနာရန်အတွက် အချက်အလက် မပြည့်စုံ

သေးခြင်း၊ ကြားနာမှု ဆောင်ရွက်နိုင်ခြင်း မရှိခဲ့သဖြင့် အလားတူကာလထက် အနည်းငယ်မျှ လျော့နည်းရခြင်း ဖြစ်ပါသည်။ အစီရင်ခံတင်ပြသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်နိုင်မှုနှင့် အလားတူကာလ (၁-၄-၂၀၂၁ မှ ၃၁-၃-၂၀၂၂ အထိ) အကောင်အထည်ဖော်နိုင်မှု နှိုင်းယှဉ်ချက်များကို အယူခံမှု အမျိုးအစားအလိုက် လည်းကောင်း၊ အခွန်အမျိုးအစားအလိုက် လည်းကောင်း၊ အောက်ပါအတိုင်း ဂရပ်ပုံများဖြင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-



၁၁။ **ဆောင်ရွက်ရန်ကျန်ရှိမှု။** အမှုများအား လက်ခံကြားနာဆုံးဖြတ်နိုင်ရန် လျှောက်ထားသူ၏ လျှောက်ထားချက် (အဆိုလွှာ) အား ပြည့်စုံမှု ရှိ မရှိ စိစစ်ပြီးနောက် လျှောက်ထားချက်ပါ အကြောင်းပြချက်များကို လျှောက်ထားခံရသူထံပေးပို့၍ ချေပလွှာ (ချေလွှာ)များကို သတ်မှတ်ရက်အတွင်း ပြန်လည်တင်ပြရန် အကြောင်းကြားဆောင်ရွက်ရပါသည်။ ချေလွှာရရှိပြီးမှသာ အမှုနှင့်စပ်လျဉ်း၍ နှစ်ဖက်ကြားနာဆုံးဖြတ်ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

၁၂။ သို့ပါ၍ ၂၀၂၃ ခုနှစ်၊ မတ်လကုန်တွင် ကြားနာရန် အချက်အလက် မပြည့်စုံသေးသည့် အမှု(၁) မှုနှင့် ချေလွှာ မရရှိသေးသည့် အမှု (၆)မှုသာ ကြားနာရန် ကျန်ရှိပြီး ကျန်အမှုများအားလုံးကို အစီရင်ခံတင်ပြသည့် ဘဏ္ဍာရေးနှစ်ကာလအတွင်း ကြားနာပြီး စီရင်ချက် ချမှတ်ရန် ကျန် (၄) မှုနှင့် စီရင်ချက်ချမှတ်ပြီးစီးသည့်အမှု (၈၂) မှု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုဆိုင်ရာတင်ပြချက်

၁၃။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စီရင်ချက်ချမှတ်ပြီးသည့် အမှုများအား အမှုအမျိုးအစားအလိုက် ခွဲခြားစိစစ်၍ ခုံအဖွဲ့သို့ လျှောက်ထားတင်ပြသော အမှုများ၏ ခန့်မှန်းတန်ဖိုးများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည် -

(က) **အကောက်ခွန်အယူခံမှုများ။** စီရင်ချက်အမိန့် ချမှတ်ပြီး ဖြစ်သည့် အကောက်ခွန်အယူခံမှုများတွင် ပိတ်ပင်တားမြစ် ကုန်ပစ္စည်းများ၊ ကန့်သတ် ကုန်ပစ္စည်းများ၊ အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ ဖြစ်ခြင်းကြောင့် လည်းကောင်း၊ စည်းမျဉ်း ၊ စည်းကမ်း သတ်မှတ်ချက်များအတိုင်း လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် လည်းကောင်း၊ အခွန်ဖြစ်ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဆိုင်ရာ အမှုများမှာ (၁၉)မှု၊ တန်ဖိုး ကျပ်သန်းပေါင်း (၉၁၅.၅၆၀)ဖြစ်ပြီး၊ အခွန်ဖြစ်ကုန်ပစ္စည်းများကို သယ်ဆောင်သည့် မော်တော်ယာဉ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဆိုင်ရာ အမှု (၁၄) မှု၊ တန်ဖိုးကျပ်သန်းပေါင်း (၅၀၃.၀၀၀) ဖြစ်ပါသည်။

အခင်းဖြစ်ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းဆိုင်ရာ အမှုများကို**နောက်ဆက်တွဲ(ခ)**ဖြင့်လည်းကောင်း၊ အခင်းဖြစ်ကုန်ပစ္စည်းများကို သယ်ဆောင်သည့် မော်တော်ယာဉ်များကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းဆိုင်ရာ အမှုများကို **နောက်ဆက်တွဲ(ဂ)**ဖြင့်လည်းကောင်း ပူးတွဲတင်ပြထားပါသည်။

( ခ ) **အကောက်ခွန်ပြန်လည်သုံးသပ်မှုများ။** ခုံအဖွဲ့ကချမှတ်ခဲ့သည့် အယူခံအမိန့်နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားလာသည့် အကောက်ခွန် ပြန်လည် သုံးသပ်မှု (၁၇) မှုရှိရာ အစီရင်ခံသည့်နှစ်အတွင်း ဆောင်ရွက်ရန် အမှုများ အားလုံးကို ကြားနာလျက် စီရင်ချက်ချမှတ်ပေးနိုင်ခဲ့ပါသည်။ စီရင်ချက် ချမှတ်ပြီး ဖြစ်သည့် ပြန်လည်သုံးသပ်မှုများတွင် အခင်းဖြစ်ကုန်စည်များကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းခြင်းဆိုင်ရာအမှုများ(၁၂)မှု၊တန်ဖိုးကျပ်သန်းပေါင်း (၂၃၀၆.၈၁၅)၊ အခင်းဖြစ်ကုန်စည်များကို သယ်ဆောင်သည့် မော်တော်ယာဉ်များကို ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဆိုင်ရာအမှု(၅)မှု၊တန်ဖိုးကျပ်သန်းပေါင်း (၁၀၃.၁၀၀) ဖြစ်ပါသည်။ ကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဆိုင်ရာ အမှုများကို**နောက်ဆက်တွဲ(ဃ)**ဖြင့်လည်းကောင်း၊အခင်းဖြစ် ကုန်စည်များကို သယ်ဆောင်သည့် မော်တော်ယာဉ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဆိုင်ရာ အမှုများကို **နောက်ဆက်တွဲ (င)** ဖြင့်လည်းကောင်း ပူးတွဲ တင်ပြထားပါသည်။

( ဂ ) **အကောက်ခွန်လွှဲအပ်မှုများ။** ခုံအဖွဲ့၏ စီရင်ချက်အမိန့်ပါ ဆုံးဖြတ်ချက်များ အနက် ဥပဒေ ကြောင်းအရ ဖြေရှင်းရမည့် ကိစ္စရပ်များ ပေါ်ပေါက်ကြောင်း ဖော်ပြ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပါရန် လျှောက်ထားလာသည့် အကောက်ခွန်လွှဲအပ်မှု (၆) မှု၊ တန်ဖိုးကျပ် သန်းပေါင်း(၁၈၄၀.၅၃၂) ဖြစ်ပါသည်။ အကောက်ခွန်လွှဲအပ်မှုများဆိုင်ရာ အမှုများကို **နောက်ဆက်တွဲ (စ)** ဖြင့် ပူးတွဲ တင်ပြထားပါသည်။ပြန်လည်သုံးသပ်မှုများသည် ဆောင်ရွက်ရမည့် အကောက်ခွန်

အမှုများ၏ ၂၅ ရာခိုင်နှုန်းခန့်၊ လွှဲအပ်မှုများသည် ၉ ရာခိုင်နှုန်းခန့် ပါဝင်နေကြောင်း တင်ပြအပ်ပါသည်။

(ဃ) **ဝင်ငွေခွန် ၊ ကုန်သွယ်လုပ်ငန်းခွန်နှင့်ပတ်သက်သည့် အမှုများ။** ဝင်ငွေခွန်နှင့် စပ်လျဉ်းသည့် အယူခံမှု (၁၅) မှု ၊ လွှဲအပ်မှု (၅) မှု ၊စုစုပေါင်း(၂၀) မှုဖြစ်ပြီးကုန်သွယ် လုပ်ငန်းခွန်နှင့် စပ်လျဉ်းသည့် အယူခံမှု (၆) မှု တို့ ပါဝင်ပါသည်။ ယင်းအမှုများ အားလုံးကို ဘဏ္ဍာရေးနှစ်အတွင်း ကြားနာ၍ စီရင်ချက်အမိန့်များ ချမှတ် ပေးနိုင် ခဲ့ပါသည်။ အစီရင်ခံတင်ပြသည့် နှစ်အတွင်း စီရင်ချက် ချမှတ်ပြီးသည့် ဝင်ငွေခွန် အယူခံမှုများကို **နောက်ဆက်တွဲ (ဆ)** ၊ ဝင်ငွေခွန်လွှဲအပ်မှုများကို **(ဆ-၁)**နှင့် ကုန်သွယ်လုပ်ငန်းခွန်အယူခံမှုများကို **(ဆ-၂)**တို့ဖြင့်လည်းကောင်းပူးတွဲတင်ပြထား ပါသည်။

၁၄။ အခွန်အယူခံခုံအဖွဲ့အနေဖြင့် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ၂၂-၆-၂၀၂၀ ရက်နေ့မှ အစီရင်ခံသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကာလအထိ နှစ်အလိုက် ဆောင်ရွက်ရန်အမှုအပေါ် စီရင်ချက်ချမှတ်ပြီးသည်အထိ အကောင်အထည်ဖော်နိုင်မှုမှာ အောက်ပါအတိုင်း တစ်နှစ်ထက် တစ်နှစ် တိုးတက်လျက် ရှိပါကြောင်း တင်ပြအပ်ပါသည်-

**နှစ်အလိုက် စီရင်ချက်ချမှတ်ပြီးသည်အထိ လုပ်ငန်းဆောင်ရွက်နိုင်မှု**

| ဘဏ္ဍာနှစ် | ဆောင်ရွက်ရန် | ဆောင်ရွက်ပြီး | အကောင်အထည်ဖော်မှု |
|---|---|---|---|
| ၂၀၁၉-၂၀၂၀ | ၅၅ | ၁၀ | ၁၈ % |
| ၂၀၂၀-၂၀၂၁ | ၉၃ | ၄၃ | ၄၆ % |
| ၂၀၂၁-၂၀၂၂ | ၆၅ | ၃၇ | ၅၇ % |
| ၂၀၂၂-၂၀၂၃ | ၉၃ | ၈၂ | ၈၈ % |

၁၅။ အစီရင်ခံသည့်ကာလဖြစ်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စီရင်ချက်ချမှတ်ပြီးစီး သည့် အမှုများတွင် မူလဆုံးဖြတ်ချက်အမိန့်ကို အတည်ပြုပြီး လျှောက်ထားချက်ကို ပလပ်ကြောင်း ဆုံးဖြတ်ခဲ့သည့် အမှု (၇၃) မှု နှင့် မူလဆုံးဖြတ်ချက်အမိန့်ကို ပြင်ဆင်ကြောင်း ချမှတ်ခဲ့သည့်အမှု

(ရ) မှု၊ ဥပဒေကြောင်းအရ ဖြေရှင်းရမည့် ပြဿနာပေါ်ပေါက်သဖြင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ လွှဲအပ်မှု (၁) မှု၊ စုစုပေါင်း (၈၂) မှု ဖြစ်ပါကြောင်းနှင့် အသေးစိတ် စာရင်းကို **နောက်ဆက်တွဲ (ဈ)** ဖြင့် တင်ပြအပ်ပါသည်။

## ခုံအဖွဲ့၏ အခြားဆောင်ရွက်ချက်များ

၁၆။ အခွန်အယူခံခုံအဖွဲ့သည် အခွန်အကောက်ဆိုင်ရာဥပဒေများအရ တင်သွင်းလျှောက်ထား လာသည့် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှုများကို ကြားနာစစ်ဆေးအဆုံး အဖြတ်ပေးရသည့် ခုံအဖွဲ့ဖြစ်သဖြင့် အခြားဦးစီးဌာန ၊ လုပ်ငန်းအဖွဲ့အစည်းများကဲ့သို့ စီမံကိန်း လျာထားချက်များ ချမှတ်ဆောင်ရွက်၍ မရနိုင်သော်လည်း ချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များအား အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးဝန်ထမ်းများမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တင်သွင်းလျှောက်ထားလာသည့် အမှုများအပေါ်တွင် မျှတမှန်ကန်ပြီး လျင်မြန်စွာအဆုံးအဖြတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၁၇။ Covid-19 ရောဂါပြန့်ပွားမှု မြင့်မားနေသည့်ကာလအတွင်း အခွန်အယူခံခုံအဖွဲ့ရုံးစိုက်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်သို့ Stay at Home သတ်မှတ်ထားသည့် မြို့နယ်များမှ လာရောက်သူများအနေဖြင့် နေပြည်တော်ကောင်စီမှ သတ်မှတ်ထားသော နေရာများတွင် သတ်မှတ်ကာလအထိ Community Based Facility Quarantine နေထိုင်ရန် လိုအပ်ခြင်း၊ ရောဂါပိုး ရှိ မရှိ စစ်ဆေးမှုခံယူရန်လိုအပ်ခြင်း၊ ဓာတ်ခွဲစစ်ဆေးခများအား ကာယကံရှင်မှ ကျခံ စေခြင်း စသည့်စည်းကမ်းချက်များ ထုတ်ပြန်လာသည့်အတွက် လျှောက်ထားသူများနစ်နာမှုများ မဖြစ်ပေါ်စေရန် အခွန်အယူခံခုံအဖွဲ့အနေဖြင့် အောက်ပါအတိုင်း ဖြေလျှော့မှုများ ဆောင်ရွက်ပေးခဲ့ ပါသည် -

(က) နေပြည်တော်ရှိ အခွန်အယူခံခုံအဖွဲ့သို့ အမှုများတင်သွင်း လျှောက်ထားရာတွင် အခွန်အယူခံခုံအဖွဲ့ဥပဒေအရ လျှောက်ထားသူကိုယ်တိုင်ဖြစ်စေ ၊ ကိုယ်စားလှယ် ဖြင့်ဖြစ်စေ၊ အကျိုးဆောင်ရှေ့နေဖြင့်ဖြစ်စေ လူကိုယ်တိုင်လာရောက် တင်သွင်း လျှောက်ထားရမည်ဖြစ်သော်လည်း Covid-19 ကူးစက်ရောဂါ ပြန့်ပွားနေသည့်

ကာလအတွင်း အမှုများကို စာတိုက်မှဖြစ်စေ၊ အမြန်ချောပို့ လုပ်ငန်းမှဖြစ်စေ တင်သွင်းလျှောက်ထားလာပါက လက်ခံဆောင်ရွက်ပေးနိုင်ရန် ညွှန်ကြားလွှာ ထုတ်ပြန်၍အမှုများ တင်သွင်းလျှောက်ထားခြင်းအတွက် ဖြေလျှော့ပေးခြင်း၊

(ခ) တင်သွင်းလျှောက်ထားလာသည့် အမှုများအား စစ်ဆေးကြားနာမည့်နေ့တွင် ခုံအဖွဲ့ ရှိရာ နေပြည်တော်သို့လာရောက် လျှောက်ထားရန်မလိုဘဲ လျှောက်ထားသူနှင့် လျှောက်ထားခံရသူများ၏ နှစ်ဖက်သဘောတူညီချက်ရယူ၍ Video Conferencing စနစ်ဖြင့်ကြားနာမှုကိုဆောင်ရွက်ပေးခြင်း၊

(ဂ) စီရင်ချက်အမိန့်များ ချမှတ်သည့်နေ့တွင် လျှောက်ထားသူနှင့် လျှောက်ထားခံရသူများ ခုံအဖွဲ့ရှေ့မှောက်သို့ လာရောက်ရန် မလိုအပ်ဘဲ စီရင်ချက်အမိန့်များကို စာလမ်းကြောင်း ဖြင့်ပေးပို့ပေးခြင်း။

၁၈။ အခွန်အယူခံခုံအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အခွန်ထမ်းပြည်သူများနှင့် အများပြည်သူများ သိရှိနိုင်စေရန်ရည်ရွယ်ပြီး သတင်းအချက်အလက်နည်းပညာ အသုံးချ၍ အောက်ပါလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) Revenue Appellate Tribunal Board အမည်ဖြင့်Facebook Page ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ချက်များအားလွှင့်တင်ဖော်ပြလျက်ရှိခြင်း၊

( ခ ) Myanmar National Portal ၌ အခွန်အယူခံခုံအဖွဲ့၏ Page ကိုသီးခြား လွတ်လပ် သည့် အဖွဲ့အဖြစ် လွှင့်တင်ထားရှိခြင်း၊

( ဂ ) အခွန်အယူခံခုံအဖွဲ့၏ကိုယ်ပိုင် Website ရေးဆွဲလွှင့်တင်ထားရှိခြင်း၊

(ဃ) အခွန်အယူခံခုံအဖွဲ့ဥပဒေအရ အခွန်နှစ်တစ်နှစ်ပြီးဆုံးတိုင်း လုပ်ဆောင်ခဲ့သည့် ကြားနာမှုများနှင့်ပတ်သက်၍ အစိုးရအဖွဲ့သို့တင်ပြခြင်းနှင့် အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာခြင်း၊

( င ) ခုံအဖွဲ့က စီရင်ချက်ချမှတ်မည့်နေ့ရက်ကို ခုံအဖွဲ့ရုံး ဝက်ဘ်ဆိုက်တွင် အနည်းဆုံး ခုနစ်ရက်ကြိုတင်ကြေညာခြင်းနှင့် စီရင်ချက်အမိန့်များကို မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာနိုင်ရန်အတွက် ပေးပို့ခြင်းတို့ဖြစ်ပါသည်။

၁၉။ အခွန်အယူခံခုံအဖွဲ့အနေဖြင့် ထိုကဲ့သို့ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် အမှုစစ်ဆေးကြားနာမည့်နေ့ရက်နှင့် စီရင်ချက်အမိန့် ချမှတ်မည့်နေ့ရက်များအား နှစ်ဖက်အမှုသည်များဖြစ်သည့် လျှောက်ထားသူနှင့် လျှောက်ထားခံရသူများမှ အချိန်နှင့်တစ်ပြေးညီသိရှိခြင်း ၊ အမှုစစ်ဆေးကြားနာမည့်ခုံအဖွဲ့ရှိရာ နေပြည်တော်သို့လာရောက်ရခြင်း မရှိသည့်အတွက် အချိန်ကုန်သက်သာခြင်း ၊ ခရီးသွားလာစရိတ်၊ တည်းခိုနေထိုင်စရိတ်နှင့် စားသောက်ကုန်ကျစရိတ်များ သက်သာစေခြင်း၊ နေပြည်တော်သို့ အသွားအလာ ကန့်သတ်ချက်များ ရှိသော်လည်း Video Conferencing စနစ်ဖြင့် စစ်ဆေးကြားနာခဲ့သည့်အတွက် လက်ကျန်အမှုများ လျော့နည်းကျဆင်းလာကြောင်းတွေ့ရှိရပါသည်။

၂၀။ အခွန်အယူခံခုံအဖွဲ့ရုံးအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် Public Feedback Programme (PFP) Web Portal ကို အသုံးပြု၍ အခွန်အယူခံခုံအဖွဲ့ရုံး မှတ်ပုံတင်အရာရှိထံသို့ လာရောက်၍အမှုများ မှတ်ပုံတင်ပြုလုပ်ခြင်း ၊မိတ္တူမှန်လာရောက်လျှောက်ထားခြင်းများကိုဝန်ဆောင်မှုရယူကြသည့် ပြည်သူများ၏ မိုဘိုင်းဖုန်းများသို့ Short Code “ 1111” ဖြင့် မိမိတို့ဝန်ဆောင်မှုရယူခဲ့စဉ်က ကြုံတွေ့ရသည့် အခြေအနေများကို SMS ပေးပို့ မေးမြန်းကာ ပြည်သူတို့၏တုံ့ပြန်ဖြေကြားမှုများအား အကြံပြုချက်များအရ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အစီအစဉ်ကို ၂၀၂၂ ခုနှစ်၊မတ်လမှစတင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် ၊ မတ်လ ၃၁ ရက်နေ့အထိ လျှောက်ထားသူ ပြည်သူဦးရေ ၃၇ ဦးထံသို့ SMS စောင်ရေ ၄၂ စောင် ပေးပို့မေးမြန်းခဲ့ရာ ပြည်သူတို့၏ တုံ့ပြန်ဖြေကြားမှုပြန်ကြားစာ ၃၁ စောင်ရရှိခဲ့ပါသည်။

၂၁။ အခွန်အယူခံခုံအဖွဲ့ကနှစ်အလိုက် စီရင်ဆုံးဖြတ်ပြီးစီးခဲ့သည့် အမှုတွဲများကို အမှုမှတ်တမ်းခန်းတွင် စနစ်တကျ ထိန်းသိမ်းထားရှိသကဲ့သို့ အမှုတွဲပါ အချက်အလက်များ ရေရှည်တည်တံ့နိုင်ရေး

အတွက်ခေတ်မီတိုးတက်နေသည့် နည်းပညာများကို အသုံးပြုလျက် Case Management System Software ကိုရေးဆွဲ၍ အမှုနှင့်သက်ဆိုင်သည့် အချက်အလက်များ ဖြည့်သွင်းခြင်း လုပ်ငန်းစဉ်ကို ၂၂-၄-၂၀၂၂ ရက်နေ့မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အနေဖြင့် ၃၁-၃-၂၀၂၃ ရက်နေ့အထိ ၁၉၇၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ်အလိုက် စီရင်ဆုံးဖြတ်ပြီးစီးခဲ့သည့် အမှုတွဲများစုစုပေါင်း ၂၁၅၉ မှု ရှိသည့်အနက် အယူခံမှု (၁၇၆၄) မှု၊ ပြင်ဆင်မှု (၁၅) မှု၊ ပြန်လည်သုံးသပ်မှု (၃၀၇)မှု ၊ လွှဲအပ်မှု (၁၂) မှု ၊ စုစုပေါင်း (၂၀၉၈)မှု အား စနစ်အတွင်း ထည့်သွင်းပြီးဖြစ်ပါသဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ၉၇ ရာခိုင်နှုန်းခန့်ပြီးစီးခဲ့ပါသည်။

၂၂။ ယခင်က အခွန်အယူခံခုံအဖွဲ့ရုံးကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်တွင်းအခွန်များဦးစီးဌာန ၊ ရုံးအမှတ်(၄၆)နေပြည်တော်တွင် တွဲဖက်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာမှ ဥတ္တရသီရိမြို့နယ် ၊ သီရိမင်္ဂလာလမ်း၏မြောက်ဘက် ၊ ရုံးအမှတ်(၄၆)ကပ်လျက်ရှိ အခွန်အယူခံခုံအဖွဲ့ရုံးပိုင်ဧရိယာ ၆ ဒသမ ၀၅ ဧက ကျယ်ဝန်းသောမြေကွက်ပေါ်တွင် နိုင်ငံတော်၏ ခွင့်ပြုငွေဖြင့် ရုံးအဆောက်အဦသစ်ကို ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပါသည်။

၂၃။ (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ၊ အခွန်အယူခံခုံအဖွဲ့ ရုံးအမှတ်(၅၇) ၊ အဆောက်အဦသစ်ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ၊ ဥတ္တရသီရိမြို့နယ်တွင် ၂၃-၁၂-၂၀၂၂ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ် ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များ ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ဒုတိယဝန်ကြီးများ ၊ အခွန်အယူခံ ခုံအဖွဲ့ ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

## နိဂုံး

၂၄။ အခွန်အယူခံခုံအဖွဲ့သည် စဉ်ဆက်မပြတ် လေ့လာသင်ယူမှုများပြုလုပ်၍ အသိပညာတိုးပွားအောင်ပြုလုပ်ခြင်း ၊ အသိပညာများ မျှဝေဖလှယ်ခြင်း၊ ဆွေးနွေးတိုင်ပင်ညှိနှိုင်းခြင်းဖြင့် အမှုများ၏ နက်နဲသိမ်မွေ့မှုအပေါ်အသေးစိတ် ခွဲခြမ်းစိတ်ဖြာ၍ ကျိုးကြောင်း ဆီလျော်သည့် ဆင်ခြင်တုံတရားတို့ဖြင့် ဥပဒေနှင့်အညီ မျှတ မှန်ကန်သည့် စီရင်ဆုံးဖြတ်ချက် ရလဒ်ကောင်းများ ရရှိလာစေရေးအတွက်လည်းကောင်း၊ ပြည်တွင်း ၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူများ၏ ယုံကြည်ကိုးစားမှုရှိသည့် အခွန်ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက်လည်းကောင်း အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးဝန်ထမ်းများအားလုံး တက်ညီလက်ညီ အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**နောက်ဆက်တွဲ (က)**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေ
## (၁-၄-၂၀၂၂ ရက်နေ့မှ ၃၁-၃-၂၀၂၃ ရက်နေ့ထိ)

| စဉ် | အမှုအမျိုးအစား | | ယခင်နှစ်လက်ကျန် | (အစီရင်ခံသည့်ကာလ) နှစ်အတွင်းတိုးလာသောအမှု | စုစုပေါင်း | စီရင်ချက်ချမှတ်ပြီးစီးမှု | ဆောင်ရွက်ဆဲ / ဆောင်ရွက်ရန်ကျန် | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | စီရင်ချက်ချမှတ်ရန်ကျန်အမှု | ကြားနာဆဲအမှု | ကြားနာရန်ကျန်ရှိအမှု | စုစုပေါင်း |
| ၁ | **အကောက်ခွန်** | အယူခံမှု | ၁၂ | ၃၂ | ၄၄ | ၃၃ | ၄ | - | ၇ | ၁၁ |
| | | ပြင်ဆင်မှု | - | - | - | - | - | - | - | - |
| | | ပြန်လည်သုံးသပ်မှု | ၅ | ၁၂ | ၁၇ | ၁၇ | - | - | - | - |
| | | လွှဲအပ်မှု | | ၆ | ၆ | ၆ | - | - | - | - |
| | | **စုစုပေါင်း** | **၁၇** | **၅၀** | **၆၇** | **၅၆** | **၄** | **-** | **၇** | **၁၁** |
| ၂ | **ဝင်ငွေခွန်** | အယူခံမှု | ၉ | ၆ | ၁၅ | ၁၅ | - | - | - | - |
| | | ပြင်ဆင်မှု | - | - | - | - | - | - | - | - |
| | | ပြန်လည်သုံးသပ်မှု | - | - | - | - | - | - | - | - |
| | | လွှဲအပ်မှု | ၁ | ၄ | ၅ | ၅ | - | - | - | - |
| | | **စုစုပေါင်း** | **၁၀** | **၁၀** | **၂၀** | **၂၀** | **-** | **-** | **-** | **-** |
| ၃ | **ကုန်သွယ်လုပ်ငန်းခွန်** | အယူခံမှု | ၁ | ၅ | ၆ | ၆ | - | - | - | - |
| | | ပြင်ဆင်မှု | - | - | - | - | - | - | - | - |
| | | ပြန်လည်သုံးသပ်မှု | - | - | - | - | - | - | - | - |
| | | လွှဲအပ်မှု | - | - | - | - | - | - | - | - |
| | | **စုစုပေါင်း** | **၁** | **၅** | **၆** | **၆** | **-** | **-** | **-** | **-** |
| **စုစုပေါင်း** | | | **၂၈** | **၆၅** | **၉၃** | **၈၂** | **၄** | **-** | **၇** | **၁၁** |

**နောက်ဆက်တွဲ (ခ)**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စီရင်ချမှတ်ပြီးသည့် တရားမဝင်ကုန်စည်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကြောင့်လည်းကောင်း၊ ဒဏ်ငွေ တပ်ရိုက်ခြင်းကြောင့် လည်းကောင်း အယူခံဝင်ရောက်လာသော အမှုများ

| စဉ် | ကြားနာသည့် အမှု | | လျှောက်ထားသူ | အရေးယူဆောင်ရွက်မှု | | အခင်းဖြစ် တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| | အမှု အမျိုးအစား | အမှု အမှတ် | | ဥပဒေ/ အမိန့် | ကုန်စည် | |
| ၁။ | အကောက်ခွန် အယူခံမှု | ၁၀/၂၀၂၁ | Mforce Myanmar Co Ltd | စီမံ/ဘဏ္ဍာ ၆/၂၀၁၇ | Brand New Motorcycles (47)U | ၁၆.၂၀၂ |
| ၂။ | အကောက်ခွန် အယူခံမှု | ၁၂/၂၀၂၁ | United Eleven Co Ltd | ပလက - ၁၆၇ (၃၇) | Brand New Prime Mover Head Only (1)U | ၃၂.၀၀၀ |
| ၃။ | အကောက်ခွန် အယူခံမှု | ၁၃/၂၀၂၁ | Monsoon Wave Limited | ပလက - ၁၆၇ (၃၇) | Brand New, Prime Mover Head Only (3)U | ၉၀.၀၀၀ |
| ၄။ | အကောက်ခွန် အယူခံမှု | ၁၄/၂၀၂၁ | Monsoon Wave Limited | ပလက - ၁၆၇ (၃၇) | Brand New, Prime Mover Head Only (1)U | ၃၀.၀၀၀ |
| ၅။ | အကောက်ခွန် အယူခံမှု | ၃/၂၀၂၂ | Man Shwe Pyi Tractors Ltd | စီမံ/ဘဏ္ဍာ ၆/၂၀၁၇ | Caperpillar B/N Hydraulic Excavator 3(U) | ၂၄၄.၇၀၁ |
| ၆။ | အကောက်ခွန် အယူခံမှု | ၁၀/၂၀၂၂ | ဦးကျော်စွာဝင်း | ပလက - ၁၆၇(၈) | ရေတတ်သီးခြောက် (၁x၂၀ Kg) ၃၅၀ အိတ် | ၁၂.၆၀၀ |
| ၇။ | အကောက်ခွန် အယူခံမှု | ၁၁/၂၀၂၂ | ဦးနေသူ | ပလက - ၁၆၇(၈) | Fullmoon Wine (1x12x275ml) 45 Pkgs | ၀.၆၄၈ |

| စဉ် | ကြားနာသည့် အမှု | | လျှောက်ထားသူ | အရေးယူဆောင်ရွက်မှု | | အခွင့်ဖြစ် တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| | အမှု အမျိုးအစား | အမှု အမှတ် | | ဥပဒေ/ အမိန့် | ကုန်စည် | |
| ၈။ | အကောက်ခွန် အယူခံမှု | ၁၂/၂၀၂၂ | ဦးနေသူ | ပလက - ၁၆၇(ဂ) | Used Cycle Honda Scoopy (3)U Honda Click (1)U | ၉.၆၆၀ |
| ၉။ | အကောက်ခွန် အယူခံမှု | ၁၃/၂၀၂၂ | ဦးစိန်လင်း | ပလက - ၁၆၇(ဂ) | ဧရုတ်သီးခြောက် (၁x၁၅ Kg) ၁၅၀ အိတ် | ၄.၀၅၀ |
| ၁၀။ | အကောက်ခွန် အယူခံမှု | ၁၄/၂၀၂၂ | ဦးနေသူ | ပလက - ၁၆၇(ဂ) | Used Cycle Honda Scoopy (1)U Honda Click (5)U | ၁၃.၇၂၀ |
| ၁၁။ | အကောက်ခွန် အယူခံမှု | ၁၅/၂၀၂၂ | A & A Htoo Int'l Ltd | ပလက - ၁၆၇(ဂ) | လူသုံးကုန် (၅) မျိုး | ၆၃.၇၃၀ |
| ၁၂။ | အကောက်ခွန် အယူခံမှု | ၂၄/၂၀၂၂ | Perfect Way My'r Service Ltd | ပလက - ၁၆၇(ဂ) | 100% Rayon Knitting Solid Fabric | ၃၅.၂၉၄ |
| ၁၃။ | အကောက်ခွန် အယူခံမှု | ၂၆/၂၀၂၂ | Eternal Mining Co Ltd | ပလက - ၁၆၇(ဂ) | ယန္တရားသုံး ချောဆီ | ၆၁.၉၃၉ |
| ၁၄။ | အကောက်ခွန် အယူခံမှု | ၂၀/၂၀၂၂ | SMART High Way Ltd | စီမံ/ဘဏ္ဍာ ၆/၂၀၁၇ | Iron Pipe | ၃၅.၄၆၀ |
| ၁၅။ | အကောက်ခွန် အယူခံမှု | ၂၁/၂၀၂၂ | SMART High Way Ltd | ၁၃/၂၀၁၇ | Iron Pipe | ၅၇.၁၃၂ |
| ၁၆။ | အကောက်ခွန် အယူခံမှု | ၂၂/၂၀၂၂ | Grand Gold Dragon Ltd | ၁၃/၂၀၁၇ | Iron Pipe | ၅၃.၁၃၂ |
| ၁၇။ | အကောက်ခွန် အယူခံမှု | ၂၃/၂၀၂၂ | Grand Gold Dragon Ltd | ၁၃/၂၀၁၇ | Iron Pipe | ၅၅.၈၀၉ |

| စဉ် | ကြားနာသည့် အမှု | | လျှောက်ထားသူ | အရေးယူဆောင်ရွက်မှု | | အခင်းဖြစ် တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| | အမှု အမျိုးအစား | အမှု အမှတ် | | ဥပဒေ/ အမိန့် | ကုန်စည် | |
| ၁၈။ | အကောက်ခွန် အယူခံမှု | ၂၅/၂၀၂၂ | Grand Master Ltd | ပလက - ၁၆၇(၈) | Food Supplement Throat Mint, Myseptic Mybacin | ၇၆.၀၈၃ |
| ၁၉။ | အကောက်ခွန် အယူခံမှု | ၂၈/၂၀၂၂ | ဦးကျော်လင်းနိုင်စိုး | ပလက - ၁၆၇(၈) | ဘာသာရေး အသုံး အဆောင်ပစ္စည်း (၂၂) မျိုး | ၂၃.၄၀၀ |
| | | | | | စုစုပေါင်း | ၉၁၅.၅၆၀ |

**နောက်ဆက်တွဲ (ဂ)**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စီရင်ချမှတ်ပြီးသည့် အခင်းဖြစ်ကုန်စည်ကို သယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကြောင့် အယူခံဝင်ရောက်လာသည့် အမှုများ

| စဉ် | ကြားနာသည့် အမှု | | လျှောက်ထားသူ | အရေးယူဆောင်ရွက်မှု | | အခင်းဖြစ် တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| | အမှု အမျိုးအစား | အမှု အမှတ် | | ဥပဒေ/ အမိန့် | ယာဉ် | |
| ၁။ | အကောက်ခွန် အယူခံမှု | ၁၅/၂၀၂၁ | ဦးမြင့်ဌေး | ပလက - ၁၆၈ | Nissan AD Van (GG/4855) | ၁၂.၀၀၀ |
| ၂။ | အကောက်ခွန် အယူခံမှု | ၁၈/၂၀၂၁ | ဦးသန်းဇော်ဦး | ပလက - ၁၆၈ | SUNLONG BUS 3N/4980 | ၄၀.၀၀၀ |
| ၃။ | အကောက်ခွန် အယူခံမှု | ၁/၂၀၂၂ | ဦးဝင်းနီထွန်း | ပလက - ၁၆၈ | Nissan Diesel 3B-8824 | ၁၇.၀၀၀ |
| ၄။ | အကောက်ခွန် အယူခံမှု | ၂/၂၀၂၂ | ဦးအောင်မျိုးဝင်း | ပလက - ၁၆၈ | MITSUBISHI FUSO TRUCK 2K/9912 | ၂၅.၀၀၀ |
| ၅။ | အကောက်ခွန် အယူခံမှု | ၄/၂၀၂၂ | ဦးဇင်လင်း(ခ) ချစ်ချစ်ကို | ပလက - ၁၆၈ | SOJEN DUMP TRUCK 1N/ 8038 (6W) | ၁၂.၀၀၀ |
| ၆။ | အကောက်ခွန် အယူခံမှု | ၅/၂၀၂၂ | ဦးဟိန်းကိုကိုအောင် | ပလက - ၁၆၈ | SCANIA R480 TRACTOR HEAD 5N/ 6954 (22W) | ၉၅.၀၀၀ |
| ၇။ | အကောက်ခွန် အယူခံမှု | ၆/၂၀၂၂ | ဒေါ်နွယ်နီအောင် | ပလက - ၁၆၈ | Nissan Delivery Van 3P/9570 | ၁၂.၀၀၀ |
| ၈။ | အကောက်ခွန် အယူခံမှု | ၇/၂၀၂၂ | ဦးကျန်ကွယ်ချောင် | ပလက - ၁၆၈ | Nissan Diesel (12W) 5P/1799 | ၇၀.၀၀၀ |
| ၉။ | အကောက်ခွန် အယူခံမှု | ၈/၂၀၂၂ | ဦးတင်မောင်ရီ | ပလက - ၁၆၈ | Nissan Diesel UD Truck (10W) 8L/5934 | ၁၅.၀၀၀ |

| စဉ် | ကြားနာသည့် အမှု | | လျှောက်ထားသူ | အရေးယူဆောင်ရွက်မှု | | အခင်းဖြစ် တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| | အမှု အမျိုးအစား | အမှု အမှတ် | | ဥပဒေ/ အမိန့် | ယာဉ် | |
| ၁၀။ | အကောက်ခွန် အယူခံမှု | ၉/၂၀၂၂ | ဦးဇော်ဇော်စိုး | ပလက - ၁၆၈ | Mitsubishi Fuso (12W) (5I/2351) | ၂၅.၀၀၀ |
| ၁၁။ | အကောက်ခွန် အယူခံမှု | ၁၈/၂၀၂၂ | ဦးနေသူ | ပလက - ၁၆၈ | Nissan Diesel Truck (12W) (5N– 2570) | ၃၀.၀၀၀ |
| ၁၂။ | အကောက်ခွန် အယူခံမှု | ၁၉/၂၀၂၂ | ဦးနေသူ | ပလက - ၁၆၈ | Isuzu Forword Truck (6W) 2M–6222 | ၂၀.၀၀၀ |
| ၁၃။ | အကောက်ခွန် အယူခံမှု | ၁၆/၂၀၂၂ | ဦးစောမိုက်ကယ် ချမ်း (ခ) ဦးမိုက်ကယ် | ပလက - ၁၆၈ | Nissan Diesel Truck (12W) (8J– 5851) | ၃၀.၀၀၀ |
| ၁၄။ | အကောက်ခွန် အယူခံမှု | ၁၇/၂၀၂၂ | ဦးဇာနည်အောင် | ပလက - ၁၆၈ | ZhongTong Bus GI Express 2R–8929 | ၁၀၀.၀၀၀ |
| | | | | | စုစုပေါင်း | ၅၀၃.၀၀၀ |

နောက်ဆက်တွဲ (ဃ)

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စီရင်ချမှတ်ပြီးသည့် ပြန်လည်သုံးသပ်မှုများ (တရားမဝင်ကုန်စည်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း သို့မဟုတ် ဒဏ်တပ်ရိုက်ခြင်း)

| စဉ် | ကြားနာသည့် အမှု | | လျှောက်ထားသူ | အရေးယူဆောင်ရွက်မှု | | အခင်းဖြစ် တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| | အမှုအမျိုးအစား | အမှု အမှတ် | | ဥပဒေ/ အမိန့် | ကုန်စည် | |
| ၁။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၃/၂၀၂၁ | ဦးသက်ဦးလွင် Peaceful Mind Ltd | ပလက - ၁၆၇(၈) | Brand New Pick Up (4 x 4) Double Cab (4) U | ၈၉.၆၀၀ |
| ၂။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၄/၂၀၂၁ | ဦးသက်ဦးလွင် Peaceful Mind Ltd | ပလက - ၁၆၇(၈) | Brand New Pick Up (4 x 4) Double Cab (5) U | ၁၁၂.၀၀၀ |
| ၃။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၅/၂၀၂၁ | ဦးသက်ဦးလွင် Peaceful Mind Ltd | ပလက - ၁၆၇(၈) | Brand New Pick Up (4 x 4) Double Cab (2) U | ၄၄.၈၀၀ |
| ၄။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁/၂၀၂၂ | Double Top Power | ပလက - ၁၆၇(၈) | Fonton L/T (8) U | ၆၃.၁၅၃ |
| ၅။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၂/၂၀၂၂ | Three Star Power | ပလက - ၁၆၇(၈) | Fonton L/T (12) U | ၉၄.၇၃၀ |
| ၆။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၄/၂၀၂၂ | YX Mobile Co Ltd | ပလက - ၁၆၇(၈) | Redmi ဖုန်း (၇)မျိုး၊ (၄၆၁၇) လုံး၊ | ၇၂၉.၄၄၀ |
| ၇။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၅/၂၀၂၂ | YX Mobile Co Ltd | ပလက - ၁၆၇(၈) | MI TV (၄) မျိုး၊ (၁၀၈၁)လုံး | ၁၅၆.၈၀၀ |
| ၈။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၆/၂၀၂၂ | YX Mobile Co Ltd | ပလက - ၁၆၇(၈) | Redmi ဖုန်း (၈)မျိုး၊ (၄၄၄၄) လုံး၊ Power Bank (၉၉၀) လုံး၊ | ၇၈၄.၃၉၂ |

| စဉ် | ကြားနာသည့် အမှု | | လျှောက်ထားသူ | အရေးယူဆောင်ရွက်မှု | | အခင်းဖြစ်တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| | အမှုအမျိုးအစား | အမှုအမှတ် | | ဥပဒေ/အမိန့် | ကုန်စည် | |
| ၉။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၇/၂၀၂၂ | YX Mobile Co Ltd | ပလက – ၁၆၇(၈) | MI TV (၄) မျိုး၊ (၅၀၆)လုံး | ၇၉.၉၀၀ |
| ၁၀။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၈/၂၀၂၂ | United Eleven Co Ltd | ပလက – ၁၆၇ (၃၇) | Brand New Prime Mover Head Only (1)U | ၃၂.၀၀၀ |
| ၁၁။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၉/၂၀၂၂ | Monsoon Wave Limited | ပလက – ၁၆၇ (၃၇) | Brand New Prime Mover Head Only (3)U | ၉၀.၀၀၀ |
| ၁၂။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၀/၂၀၂၂ | Monsoon Wave Limited | ပလက – ၁၆၇ (၃၇) | Brand New Prime Mover Head Only (1)U | ၃၀.၀၀၀ |
| | | | | | စုစုပေါင်း | ၂၃၀၆.၈၁၅ |

**နောက်ဆက်တွဲ (င)**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စီရင်ချမှတ်ပြီးသည့် ပြန်လည်သုံးသပ်မှုများ (အခင်းဖြစ်ကုန်စည်ကို သယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း)

| စဉ် | ကြားနာသည့်အမှု | | လျှောက်ထားသူ | အရေးယူဆောင်ရွက်မှု | | အခင်းဖြစ် တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| | အမှုအမျိုးအစား | အမှု အမှတ် | | ဥပဒေ/ အမိန့် | ယာဉ် | |
| ၁။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၃/၂၀၂၂ | ဦးထွန်းနိုင်ဦး | ပလက - ၁၆၈ | MITSUBISHI FUSO 3G/6939 | ၁၁.၀၀၀ |
| ၂။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၁/၂၀၂၂ | ဦးညီညီထွေး | ပလက - ၁၆၈ | Forland, Type : D/T (4x2) (L) | ၁၀.၀၀၀ |
| ၃။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၂/၂၀၂၂ | ဦးဝင်းနီထွန်း | ပလက - ၁၆၈ | Nissan Diesel 3B-8824 | ၁၇.၀၀၀ |
| ၄။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၃/၂၀၂၂ | ဦးအောင်မျိုးဝင်း | ပလက - ၁၆၈ | MITSUBISHI FUSO TRUCK 2K/9912 | ၂၅.၀၀၀ |
| ၅။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၄/၂၀၂၂ | ဦးသန်းဇော်ဦး | ပလက - ၁၆၈ | SUNLONG BUS 3N/4980 | ၄၀.၀၀၀ |
| | | | | | စုစုပေါင်း | ၁၀၃.၀၀၀ |

**နောက်ဆက်တွဲ (စ)**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စီရင်ချမှတ်ပြီးသည့် အကောက်ခွန်လွဲအပ်မှုများ

| စဉ် | ကြားနာသည့်အမှု | | လျှောက်ထားသူ | အရေးယူဆောင်ရွက်မှု | | အခင်းဖြစ် တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| | အမှု အမျိုးအစား | အမှု အမှတ် | | ဥပဒေ/ အမိန့် | ကုန်စည်/ယာဉ် | |
| ၁။ | အကောက်ခွန် လွဲအပ်မှု | ၁/၂၀၂၂ | ဒေါ်ခင်သီတာဦး | ပလကု - ၁၆၈ | FOTON TOANO Mini Bus 9N/3256 | ၂၀.၀၀၀ |
| ၂။ | အကောက်ခွန် လွဲအပ်မှု | ၂/၂၀၂၂ | ဦးကျန်ကွယ်ချောင် | ပလကု - ၁၆၈ | Nissan Diesel (12W) 5P/1799 | ၇၀.၀၀၀ |
| ၃။ | အကောက်ခွန် လွဲအပ်မှု | ၃/၂၀၂၂ | YX Mobile Co Ltd | ပလကု - ၁၆၇(စ) | Redmi ဖုန်း (၇)မျိုး၊ (၄၆၁၇) လုံး၊ | ၇၂၉.၄၄၀ |
| ၄။ | အကောက်ခွန် လွဲအပ်မှု | ၄/၂၀၂၂ | YX Mobile Co Ltd | ပလကု - ၁၆၇(စ) | MI TV (၄) မျိုး၊ (၁၀၈၁)လုံး | ၁၅၆.၈၀၀ |
| ၅။ | အကောက်ခွန် လွဲအပ်မှု | ၅/၂၀၂၂ | YX Mobile Co Ltd | ပလကု - ၁၆၇(စ) | Redmi ဖုန်း (၈)မျိုး၊ (၄၄၄၄) လုံး၊ Power Bank (၉၉၀) လုံး၊ | ၇၈၄.၃၉၂ |
| ၆။ | အကောက်ခွန် လွဲအပ်မှု | ၆/၂၀၂၂ | YX Mobile Co Ltd | ပလကု - ၁၆၇(စ) | MI TV (၄) မျိုး၊ (၅၀၆)လုံး | ၇၉.၉၀၀ |
| | | | | | စုစုပေါင်း | ၁၈၄၀.၅၃၂ |

**နောက်ဆက်တွဲ (ဆ)**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စီရင်ချမှတ်ပြီးသည့် ဝင်ငွေခွန် ၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အမှုများ

## (ဝင်ငွေခွန်အယူခံမှုများ)

| စဉ် | ကြားနာသည့် အမှု | | လျှောက်ထားသူ | အခွန်စည်းကြပ်မှုအခြေအနေ | |
|---|---|---|---|---|---|
| | အမှု အမျိုးအစား | အမှု အမှတ် | | ဘဏ္ဍာရေးနှစ် | အငြင်းပွားသည့် အခွန် (ကျပ်သန်း) |
| ၁။ | ဝင်ငွေခွန် အယူခံမှု | ၂/၂၀၂၀ | Anawar Hlwan Co Ltd | ၂၀၁၆-၂၀၁၇ | ၅၄၆.၆၅၈ |
| ၂။ | ဝင်ငွေခွန် အယူခံမှု | ၅/၂၀၂၀ | PTTEP Int'l Ltd | ၂၀၁၄-၂၀၁၅ | ၂၂၃၅၇.၄၈၈ |
| ၃။ | ဝင်ငွေခွန် အယူခံမှု | ၆/၂၀၂၀ | PTTEP Int'l Ltd | ၂၀၁၄-၂၀၁၅ | ၁၁၉၄၄.၃၅၆ |
| ၄။ | ဝင်ငွေခွန် အယူခံမှု | ၇/၂၀၂၀ | PTTEP Int'l Ltd | ၂၀၁၅-၂၀၁၆ | ၂၀၅၀၁.၃၆၆ |
| ၅။ | ဝင်ငွေခွန် အယူခံမှု | ၈/၂၀၂၀ | PTTEP South Asia Ltd | ၂၀၁၇-၂၀၁၈ | ၄၈၉၉.၆၀၀ |
| ၆။ | ဝင်ငွေခွန် အယူခံမှု | ၃/၂၀၂၀ | Total E & P Myanmar | ၂၀၁၆-၂၀၁၇ | ၂၃၇၅.၉၂၇ |
| ၇။ | ဝင်ငွေခွန် အယူခံမှု | ၄/၂၀၂၀ | Total E & P Myanmar | ၂၀၁၇-၂၀၁၈ | ၂၀၈၇၅.၃၈၇ |
| ၈။ | ဝင်ငွေခွန် အယူခံမှု | ၁/၂၀၂၁ | အဓိပတိလယ်ယာ ထွက်ကုန် ပစ္စည်း ရောင်းဝယ်ရေး လီမိတက် | ၂၀၁၇-၂၀၁၈ | ၂၂၇၁.၆၅၂ |
| ၉။ | ဝင်ငွေခွန် အယူခံမှု | ၁/၂၀၂၀ | Gold Energy Co Ltd | ၂၀၁၇-၂၀၁၈ | ၅၉၂.၇၆၈ |
| ၁၀။ | ဝင်ငွေခွန် အယူခံမှု | ၁/၂၀၂၂ | Thandar Pale Co Ltd | ၂၀၁၉-၂၀၂၀ | ၂.၉၁၇ |
| ၁၁။ | ဝင်ငွေခွန် အယူခံမှု | ၂/၂၀၂၂ | Petronas Carigali Myanmar Inc. (Branch Office) | ၂၀၁၆-၂၀၁၇ | ၃၄၄၅.၉၃၆ |

| စဉ် | ကြားနာသည့် အမှု | | လျှောက်ထားသူ | အခွန်စည်းကြပ်မှုအခြေအနေ | |
|---|---|---|---|---|---|
| | အမှု အမျိုးအစား | အမှု အမှတ် | | ဘဏ္ဍာရေးနှစ် | အငြင်းပွားသည့် အခွန် (ကျပ်သန်း) |
| ၁၂။ | ဝင်ငွေခွန် အယူခံမှု | ၃/၂၀၂၂ | Petronas Carigali Myanmar Inc. (Branch Office) | ၂၀၁၇-၂၀၁၈ | ၁၄၂၈.၆၀၇ |
| ၁၃။ | ဝင်ငွေခွန် အယူခံမှု | ၄/၂၀၂၂ | Petronas Carigali Myanmar Inc. (Branch Office) | ၂၀၁၈-၂၀၁၉ | ၃၇၄၉.၈၀၅ |
| ၁၄။ | ဝင်ငွေခွန် အယူခံမှု | ၅/၂၀၂၂ | PC Myanmar (Hong Kong) Limited (Yangon Branch) | ၂၀၁၆-၂၀၁၇ | ၈၁၄၀.၂၆၀ |
| ၁၅။ | ဝင်ငွေခွန် အယူခံမှု | ၆/၂၀၂၂ | PC Myanmar (Hong Kong) Limited (Yangon Branch) | ၂၀၁၇-၂၀၁၈ | ၆၃၄.၇၉၀ |
| | | | | စုစုပေါင်း | ၁၇၄၀၂.၃၁၅ |

**နောက်ဆက်တွဲ (ဆ-၁)**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စီရင်ချမှတ်ပြီးသည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ဆိုင်ရာ အမှုများ

## (ဝင်ငွေခွန်လွဲအပ်မှုများ)

| စဉ် | ကြားနာသည့် အမှု | | လျှောက်ထားသူ | အခွန်စည်းကြပ်မှုအခြေအနေ | |
|---|---|---|---|---|---|
| | အမှု အမျိုးအစား | အမှု အမှတ် | | ဘဏ္ဍာရေးနှစ် | အငြင်းပွားသည့် အခွန် (ကျပ်သန်း) |
| ၁။ | ဝင်ငွေခွန် လွှဲအပ်မှု | ၁/၂၀၂၀ | ဂိုမ်းဖောအောင် ကျောက်မျက်ရတနာ ရောင်းဝယ်ရေး | ၂၀၁၅-၂၀၁၆ | ၉၃၇.၄၀၃ |
| ၂။ | ဝင်ငွေခွန် လွှဲအပ်မှု | ၁/၂၀၂၂ | PTTEP Int'l Ltd | ၂၀၁၄-၂၀၁၅ | ၂၂၃၅၇.၄၈၈ |
| ၃။ | ဝင်ငွေခွန် လွှဲအပ်မှု | ၂/၂၀၂၂ | PTTEP Int'l Ltd | ၂၀၁၄-၂၀၁၅ (CG) | ၁၁၉၄၄.၃၅၆ |
| ၄။ | ဝင်ငွေခွန် လွှဲအပ်မှု | ၃/၂၀၂၂ | PTTEP Int'l Ltd | ၂၀၁၅-၂၀၁၆ | ၂၀၅၀၁.၃၆၆ |
| ၅။ | ဝင်ငွေခွန် လွှဲအပ်မှု | ၄/၂၀၂၂ | PTTEP South Asia Ltd | ၂၀၁၇-၂၀၁၈ (CG) | ၄၈၉၉.၆၀၀ |
| | | | | စုစုပေါင်း | ၆၀၆၄၀.၂၁၃ |

**နောက်ဆက်တွဲ (ဆ-၂)**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စီရင်ချမှတ်ပြီးသည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ဆိုင်ရာ အမှုများ

## (ကုန်သွယ်လုပ်ငန်းခွန်အယူခံမှုများ)

| စဉ် | ကြားနာသည့် အမှု | | လျှောက်ထားသူ | အခွန်စည်းကြပ်မှုအခြေအနေ | |
|---|---|---|---|---|---|
| | အမှု အမျိုးအစား | အမှု အမှတ် | | ဘဏ္ဍာရေးနှစ် | အငြင်းပွားသည့် အခွန် (ကျပ်သန်း) |
| ၁။ | ကုန်သွယ်ခွန် အယူခံမှု | ၁/၂၀၂၀ | မြန်မာမဟာထွန်း ကုမ္ပဏီလီမိတက် | ၂၀၁၈-၂၀၁၉ | ဒဏ်ငွေ ၁၁.၀၃၆ |
| ၂။ | ကုန်သွယ် လုပ်ငန်းခွန် အယူခံမှု | ၁/၂၀၂၂ | Thandar Pale Co Ltd | ၂၀၁၉-၂၀၂၀ | ၅.၈၉၅ |
| ၃။ | ကုန်သွယ်ခွန် အယူခံမှု | ၂/၂၀၂၂ | Golden Land Real Estate Development Co., Ltd. | ၂၀၁၆-၂၀၁၇ | ဒဏ်ငွေ ၉၄၂.၀၈၇ |
| ၄။ | ကုန်သွယ်ခွန် အယူခံမှု | ၃/၂၀၂၂ | Golden Land Real Estate Development Co., Ltd. | ၂၀၁၇-၂၀၁၈ | ဒဏ်ငွေ ၄၄၉.၆၇၁ |
| ၅။ | ကုန်သွယ်ခွန် အယူခံမှု | ၄/၂၀၂၂ | Golden Land Real Estate Development Co., Ltd. | ၂၀၁၈-၂၀၁၉ | ဒဏ်ငွေ ၄၃၈.၇၆၅ |
| ၆။ | ကုန်သွယ်ခွန် အယူခံမှု | ၅/၂၀၂၂ | Golden Land Real Estate Development Co., Ltd. | ၂၀၁၉ | ဒဏ်ငွေ ၃၄၉.၀၃၄ |
| | | | | စုစုပေါင်း | ၂၁၉၆.၄၈၈ |

**နောက်ဆက်တွဲ (ဈ)**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စီရင်ချက်ချမှတ်ပြီးစီးသည့် အမှုများတွင် အမိန့်ချမှတ်ခဲ့မှု အခြေအနေတင်ပြချက်

| စဉ် | အမှုအမျိုးအစား | အမှုအမှတ် | လျှောက်ထားသူအမည် | စီရင်ချက်ချမှတ် ရက်စွဲ | အမိန့် |
|---|---|---|---|---|---|
| ၁။ | အကောက်ခွန် အယူခံမှု | ၁၀/၂၀၂၁ | Mforce Myanmar Co Ltd | ၂၇-၄-၂၀၂၂ | ပလပ် |
| ၂။ | အကောက်ခွန် အယူခံမှု | ၁၂/၂၀၂၁ | United Eleven Co Ltd | ၂၇-၄-၂၀၂၂ | ပလပ် |
| ၃။ | အကောက်ခွန် အယူခံမှု | ၁၃/၂၀၂၁ | Monsoon Wave Limited | ၂၇-၄-၂၀၂၂ | ပလပ် |
| ၄။ | အကောက်ခွန် အယူခံမှု | ၁၄/၂၀၂၁ | Monsoon Wave Limited | ၂၇-၄-၂၀၂၂ | ပလပ် |
| ၅။ | အကောက်ခွန် အယူခံမှု | ၁၅/၂၀၂၁ | ဦးမြင့်ဋ္ဌေး | ၂၇-၄-၂၀၂၂ | ပလပ် |
| ၆။ | အကောက်ခွန် အယူခံမှု | ၁၈/၂၀၂၁ | ဦးသန်းဇော်ဦး | ၂၇-၄-၂၀၂၂ | ပလပ် |
| ၇။ | အကောက်ခွန် အယူခံမှု | ၁/၂၀၂၂ | ဦးဝင်းနီထွန်း | ၂၇-၄-၂၀၂၂ | ပလပ် |
| ၈။ | အကောက်ခွန် အယူခံမှု | ၂/၂၀၂၂ | ဦးအောင်မျိုးဝင်း | ၂၇-၄-၂၀၂၂ | ပလပ် |
| ၉။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၁၃/၂၀၂၁ | ဦးသက်ဦးလွင် Peaceful Mind Ltd | ၂၇-၄-၂၀၂၂ | ပလပ် |
| ၁၀။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၁၄/၂၀၂၁ | ဦးသက်ဦးလွင် Peaceful Mind Ltd | ၂၇-၄-၂၀၂၂ | ပလပ် |
| ၁၁။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၁၅/၂၀၂၁ | ဦးသက်ဦးလွင် Peaceful Mind Ltd | ၂၇-၄-၂၀၂၂ | ပလပ် |
| ၁၂။ | ဝင်ငွေခွန် အယူခံမှု | ၂/၂၀၂၀ | Anawar Hlwan Co Ltd | ၂၇-၄-၂၀၂၂ | ပလပ် |
| ၁၃။ | ကုန်သွယ်ခွန် အယူခံမှု | ၁/၂၀၂၀ | မြန်မာမဟာထွန်း ကုမ္ပဏီ လီမိတက် | ၂၇-၄-၂၀၂၂ | ပလပ် |
| ၁၄။ | ဝင်ငွေခွန် လွှဲအပ်မှု | ၁/၂၀၂၀ | ဂျိမ်းဖောအောင် ကျောက်မျက် ရတနာ ရောင်းဝယ်ရေး | ၁၂-၅-၂၀၂၂ | လွှဲအပ် |
| ၁၅။ | အကောက်ခွန် အယူခံမှု | ၄/၂၀၂၂ | ဦးဇင်လင်း(ခ)ချစ်ချစ်ကို | ၃၀-၆-၂၀၂၂ | ပလပ် |
| ၁၆။ | အကောက်ခွန် အယူခံမှု | ၅/၂၀၂၂ | ဦးဟိန်းကိုကိုအောင် | ၃၀-၆-၂၀၂၂ | ပလပ် |
| ၁၇။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၁/၂၀၂၂ | Double Top Power | ၃၀-၆-၂၀၂၂ | ပလပ် |
| ၁၈။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၂/၂၀၂၂ | Three Star Power | ၃၀-၆-၂၀၂၂ | ပလပ် |
| ၁၉။ | အကောက်ခွန် လွှဲအပ်မှု | ၁/၂၀၂၂ | ဒေါ်ခင်သီတာဦး | ၃၀-၆-၂၀၂၂ | ပလပ် |
| ၂၀။ | အကောက်ခွန် အယူခံမှု | ၃/၂၀၂၂ | Man Shwe Pyi Tractors Ltd | ၃၀-၆-၂၀၂၂ | ပလပ် |
| ၂၁။ | အကောက်ခွန် အယူခံမှု | ၆/၂၀၂၂ | ဒေါ်နွယ်နီအောင် | ၃၀-၆-၂၀၂၂ | ပလပ် |
| ၂၂။ | အကောက်ခွန် အယူခံမှု | ၇/၂၀၂၂ | ဦးကျန်ကွယ်ချောင် | ၂၇-၇-၂၀၂၂ | ပလပ် |

| စဉ် | အမှုအမျိုးအစား | အမှုအမှတ် | လျှောက်ထားသူအမည် | စီရင်ချက်ချမှတ် ရက်စွဲ | အမိန့် |
|---|---|---|---|---|---|
| ၂၃။ | အကောက်ခွန် အယူခံမှု | ၈/၂၀၂၂ | ဦးတင်မောင်ရီ | ၂၇-၇-၂၀၂၂ | ပလပ် |
| ၂၄။ | ဝင်ငွေခွန် အယူခံမှု | ၅/၂၀၂၀ | PTTEP Int'l Ltd | ၂၇-၇-၂၀၂၂ | ပလပ် |
| ၂၅။ | ဝင်ငွေခွန် အယူခံမှု | ၆/၂၀၂၀ | PTTEP Int'l Ltd | ၂၇-၇-၂၀၂၂ | ပလပ် |
| ၂၆။ | ဝင်ငွေခွန် အယူခံမှု | ၇/၂၀၂၀ | PTTEP Int'l Ltd | ၂၇-၇-၂၀၂၂ | ပလပ် |
| ၂၇။ | ဝင်ငွေခွန် အယူခံမှု | ၈/၂၀၂၀ | PTTEP South Asia Ltd | ၂၇-၇-၂၀၂၂ | ပလပ် |
| ၂၈။ | ဝင်ငွေခွန် အယူခံမှု | ၃/၂၀၂၀ | Total E & P Myanmar | ၁၇-၈-၂၀၂၂ | ပလပ် |
| ၂၉။ | ဝင်ငွေခွန် အယူခံမှု | ၄/၂၀၂၀ | Total E & P Myanmar | ၁၇-၈-၂၀၂၂ | ပလပ် |
| ၃၀။ | ဝင်ငွေခွန် အယူခံမှု | ၁/၂၀၂၁ | အဓိပတိ လယ်ယာထွက်ကုန် ပစ္စည်း ရောင်းဝယ်ရေး လီမိတက် | ၁၇-၈-၂၀၂၂ | ပြင်ဆင်မိန့် |
| ၃၁။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၃/၂၀၂၂ | ဦးထွန်းနိုင်ဦး | ၈-၉-၂၀၂၂ | ပလပ် |
| ၃၂။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၄/၂၀၂၂ | YX Mobile Co Ltd | ၈-၉-၂၀၂၂ | ပလပ် |
| ၃၃။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၅/၂၀၂၂ | YX Mobile Co Ltd | ၈-၉-၂၀၂၂ | ပလပ် |
| ၃၄။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၆/၂၀၂၂ | YX Mobile Co Ltd | ၈-၉-၂၀၂၂ | ပလပ် |
| ၃၅။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၇/၂၀၂၂ | YX Mobile Co Ltd | ၈-၉-၂၀၂၂ | ပလပ် |
| ၃၆။ | အကောက်ခွန် အယူခံမှု | ၉/၂၀၂၂ | ဦးဇော်ဇော်စိုး | ၂၈-၉-၂၀၂၂ | ပလပ် |
| ၃၇။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၈/၂၀၂၂ | United Eleven Co Ltd | ၂၈-၉-၂၀၂၂ | ပလပ် |
| ၃၈။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၉/၂၀၂၂ | Monsoon Wave Limited | ၂၈-၉-၂၀၂၂ | ပလပ် |
| ၃၉။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၁၀/၂၀၂၂ | Monsoon Wave Limited | ၂၈-၉-၂၀၂၂ | ပလပ် |
| ၄၀။ | ဝင်ငွေခွန် အယူခံမှု | ၁/၂၀၂၀ | Gold Energy Co Ltd | ၃၁-၁၀-၂၀၂၂ | ပြင်ဆင်မိန့် |
| ၄၁။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၁၁/၂၀၂၂ | ဦးညီညီထွေး | ၃၁-၁၀-၂၀၂၂ | ပလပ် |
| ၄၂။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၁၂/၂၀၂၂ | ဦးဝင်းနီထွန်း | ၃၁-၁၀-၂၀၂၂ | ပလပ် |
| ၄၃။ | အကောက်ခွန် ပြန်လည် သုံးသပ်မှု | ၁၃/၂၀၂၂ | ဦးအောင်မျိုးဝင်း | ၃၁-၁၀-၂၀၂၂ | ပလပ် |

| စဉ် | အမှုအမျိုးအစား | အမှုအမှတ် | လျှောက်ထားသူအမည် | စီရင်ချက်ချမှတ်ရက်စွဲ | အမိန့် |
|---|---|---|---|---|---|
| ၄၄။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၄/၂၀၂၂ | ဦးသန်းဇော်ဦး | ၃၁-၁၀-၂၀၂၂ | ပလပ် |
| ၄၅။ | ဝင်ငွေခွန် အယူခံမှု | ၁/၂၀၂၂ | Thandar Pale Co Ltd | ၃၀-၁၁-၂၀၂၂ | ပြင်ဆင်မိန့် |
| ၄၆။ | ကုန်သွယ် လုပ်ငန်းခွန် အယူခံမှု | ၁/၂၀၂၂ | Thandar Pale Co Ltd | ၃၀-၁၁-၂၀၂၂ | ပြင်ဆင်မိန့် |
| ၄၇။ | အကောက်ခွန် အယူခံမှု | ၁၀/၂၀၂၂ | ဦးကျော်စွာဝင်း | ၃၀-၁၁-၂၀၂၂ | ပြင်ဆင်မိန့် |
| ၄၈။ | အကောက်ခွန် အယူခံမှု | ၁၁/၂၀၂၂ | ဦးနေသူ | ၃၀-၁၁-၂၀၂၂ | ပလပ် |
| ၄၉။ | အကောက်ခွန် အယူခံမှု | ၁၂/၂၀၂၂ | ဦးနေသူ | ၃၀-၁၁-၂၀၂၂ | ပလပ် |
| ၅၀။ | အကောက်ခွန် အယူခံမှု | ၁၃/၂၀၂၂ | ဦးစိန်လင်း | ၃၀-၁၁-၂၀၂၂ | ပြင်ဆင်မိန့် |
| ၅၁။ | အကောက်ခွန် အယူခံမှု | ၁၄/၂၀၂၂ | ဦးနေသူ | ၃၀-၁၁-၂၀၂၂ | ပလပ် |
| ၅၂။ | အကောက်ခွန် အယူခံမှု | ၁၈/၂၀၂၂ | ဦးနေသူ | ၃၀-၁၁-၂၀၂၂ | ပလပ် |
| ၅၃။ | အကောက်ခွန် အယူခံမှု | ၁၉/၂၀၂၂ | ဦးနေသူ | ၃၀-၁၁-၂၀၂၂ | ပလပ် |
| ၅၄။ | အကောက်ခွန် အယူခံမှု | ၁၆/၂၀၂၂ | ဦးစောမိုက်ကယ်ချမ်း (ခ) ဦးမိုက်ကယ် | ၂၉-၁၂-၂၀၂၂ | ပလပ် |
| ၅၅။ | အကောက်ခွန် အယူခံမှု | ၁၅/၂၀၂၂ | A & A Htoo Int'l Ltd | ၃၁-၁-၂၀၂၃ | ပြင်ဆင်မိန့် |
| ၅၆။ | အကောက်ခွန် အယူခံမှု | ၁၇/၂၀၂၂ | ဦးဇာနည်အောင် | ၃၁-၁-၂၀၂၃ | ပလပ် |
| ၅၇။ | အကောက်ခွန် အယူခံမှု | ၂၄/၂၀၂၂ | Perfect Way My'r Service Ltd | ၃၁-၁-၂၀၂၃ | ပလပ် |
| ၅၈။ | အကောက်ခွန် အယူခံမှု | ၂၆/၂၀၂၂ | Eternal Mining Co Ltd | ၃၁-၁-၂၀၂၃ | ပလပ် |
| ၅၉။ | ဝင်ငွေခွန် အယူခံမှု | ၂/၂၀၂၂ | Petronas Carigali Myanmar Inc. (Branch Office) | ၂၁-၃-၂၀၂၃ | ပလပ် |
| ၆၀။ | ဝင်ငွေခွန် အယူခံမှု | ၃/၂၀၂၂ | Petronas Carigali Myanmar Inc. (Branch Office) | ၂၁-၃-၂၀၂၃ | ပလပ် |
| ၆၁။ | ဝင်ငွေခွန် အယူခံမှု | ၄/၂၀၂၂ | Petronas Carigali Myanmar Inc. (Branch Office) | ၂၁-၃-၂၀၂၃ | ပလပ် |
| ၆၂။ | ဝင်ငွေခွန် အယူခံမှု | ၅/၂၀၂၂ | PC Myanmar (Hong Kong) Limited (Yangon Branch) | ၂၁-၃-၂၀၂၃ | ပလပ် |
| ၆၃။ | ဝင်ငွေခွန် အယူခံမှု | ၆/၂၀၂၂ | PC Myanmar (Hong Kong) Limited (Yangon Branch) | ၂၁-၃-၂၀၂၃ | ပလပ် |
| ၆၄။ | အကောက်ခွန် လွှဲအပ်မှု | ၂/၂၀၂၂ | ဦးကျန်ကွယ်ချောင် | ၂၁-၃-၂၀၂၃ | ပလပ် |
| ၆၅။ | အကောက်ခွန် လွှဲအပ်မှု | ၃/၂၀၂၂ | YX Mobile Co Ltd | ၂၁-၃-၂၀၂၃ | ပလပ် |
| ၆၆။ | အကောက်ခွန် လွှဲအပ်မှု | ၄/၂၀၂၂ | YX Mobile Co Ltd | ၂၁-၃-၂၀၂၃ | ပလပ် |

| စဉ် | အမှုအမျိုးအစား | အမှုအမှတ် | လျှောက်ထားသူအမည် | စီရင်ချက်ချမှတ်ရက်စွဲ | အမိန့် |
|---|---|---|---|---|---|
| ၆၇။ | အကောက်ခွန် လွှဲအပ်မှု | ၅/၂၀၂၂ | YX Mobile Co Ltd | ၂၁-၃-၂၀၂၃ | ပလပ် |
| ၆၈။ | အကောက်ခွန် လွှဲအပ်မှု | ၆/၂၀၂၂ | YX Mobile Co Ltd | ၂၁-၃-၂၀၂၃ | ပလပ် |
| ၆၉။ | ဝင်ငွေခွန်  လွှဲအပ်မှု | ၁/၂၀၂၂ | PTTEP Int'l Ltd | ၂၁-၃-၂၀၂၃ | ပလပ် |
| ၇၀။ | ဝင်ငွေခွန် လွှဲအပ်မှု | ၂/၂၀၂၂ | PTTEP Int'l Ltd | ၂၁-၃-၂၀၂၃ | ပလပ် |
| ၇၁။ | ဝင်ငွေခွန် လွှဲအပ်မှု | ၃/၂၀၂၂ | PTTEP Int'l Ltd | ၂၁-၃-၂၀၂၃ | ပလပ် |
| ၇၂။ | ဝင်ငွေခွန် လွှဲအပ်မှု | ၄/၂၀၂၂ | PTTEP South Asia Ltd | ၂၁-၃-၂၀၂၃ | ပလပ် |
| ၇၃။ | အကောက်ခွန် အယူခံမှု | ၂၀/၂၀၂၂ | SMART High Way Ltd | ၃၁-၃-၂၀၂၃ | ပလပ် |
| ၇၄။ | အကောက်ခွန် အယူခံမှု | ၂၁/၂၀၂၂ | SMART High Way Ltd | ၃၁-၃-၂၀၂၃ | ပလပ် |
| ၇၅။ | အကောက်ခွန် အယူခံမှု | ၂၂/၂၀၂၂ | Grand Gold Dragon Ltd | ၃၁-၃-၂၀၂၃ | ပလပ် |
| ၇၆။ | အကောက်ခွန် အယူခံမှု | ၂၃/၂၀၂၂ | Grand Gold Dragon Ltd | ၃၁-၃-၂၀၂၃ | ပလပ် |
| ၇၇။ | အကောက်ခွန် အယူခံမှု | ၂၅/၂၀၂၂ | Grand Master Ltd | ၃၁-၃-၂၀၂၃ | ပလပ် |
| ၇၈။ | အကောက်ခွန် အယူခံမှု | ၂၈/၂၀၂၂ | ဦးကျော်လင်းနိုင်စိုး | ၃၁-၃-၂၀၂၃ | ပလပ် |
| ၇၉။ | ကုန်သွယ်ခွန် အယူခံမှု | ၂/၂၀၂၂ | Golden Land Real Estate Development Co., Ltd. ၂၀၁၆-၂၀၁၇ | ၃၁-၃-၂၀၂၃ | ပလပ် |
| ၈၀။ | ကုန်သွယ်ခွန် အယူခံမှု | ၃/၂၀၂၂ | Golden Land Real Estate Development Co., Ltd | ၃၁-၃-၂၀၂၃ | ပလပ် |
| ၈၁။ | ကုန်သွယ်ခွန် အယူခံမှု | ၄/၂၀၂၂ | Golden Land Real Estate Development Co., Ltd | ၃၁-၃-၂၀၂၃ | ပလပ် |
| ၈၂။ | ကုန်သွယ်ခွန် အယူခံမှု | ၅/၂၀၂၂ | Golden Land Real Estate Development Co., Ltd | ၃၁-၃-၂၀၂၃ | ပြင်ဆင်မိန့် |